## နိဒါန်း

*ရှင်ယောဟန် ရေးသားထားသော တတိယစာစောင်သည်သက်ကြီးဝါကြီးသူထံမှ အသင်းတော်ခေါင်းဆောင်တစ်ဦးဖြစ်သူ**ဂါဦး**ထံသို့ရေးသားပေးပို့သည့်စာဖြစ်သည်။ **ဂါဦး**သည် အခြားသော ခရစ်ယာန်တို့အား ကူညီမစထားသောကြောင့် စာရေးသားသူက သူ့အား ချီးကျူးထားလေသည်။ **ဒေအိုတြေဖက်**ဟုအမည်ရှိသော သူအား သတိနှင့်ပေါင်းဖက်ရန်မှာ ကြားသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

*-နိဒါန်း ၁း၁-၄*
*-ဂါဦးကိုချီးကျူးခြင်း ၅း၁-၈*
*-ဒေအိုတြေဖက်ကိုပြစ်တင်ရှုတ်ချခြင်း ၁း၉-၁၀*
*-ဒေမေတြိဦးအားချီးမွမ်းခြင်း ၁း၁၁-၁၂*
*-နိဂုံး ၁း၁၃-၁၅*

## အခန်းကြီး (၁)

၁။ သက်ကြီးဝါကြီးသူထံမှ အမှန်တကယ် ချစ်မေတ္တာ
ဖြင့်ငါနှစ်သက် မြတ်နိုးရသူ၊ **ဂါဦး**ထံသို့ စာရေး
၂။ လိုက်သည်။ ငါချစ်သောမိတ်ဆွေ၊သင်၏စိတ်နှလုံး
သည် ရွှင်လန်းချမ်းမြေ့လျက်ရှိကြောင်းငါသိရသည့်
အတိုင်း အစစအရာတွင် ဖြစ်မြောက်အောင်မြင်၍
သင်၏ကျန်းမာရေးအတွက်လည်း ငါဆုတောင်း၏။
၃။ သင်သည်သမ္မာတရားကိုအမြဲလိုက်နာခဲ့သည့်အတိုင်း
ယခုလည်းသစ္စာနှင့်လိုက်နာကျင့်ဆောက်တည်လျက်
ရှိကြောင်းကိုညီအစ်ကို အချို့တို့လာရောက်ပြောပြ၍
ကြားရသဖြင့် ငါသည် အလွန်ဝမ်းမြောက်၏။
၄။ ငါ့အားဝမ်းအမြောက်ဆုံးဖြစ်စေသည့် အရာမှာသမ္မာ
တရားကို ငါ့သားသမီးများ လိုက်နာကျင့်သုံးကြ
ကြောင်း သတင်းကိုကြားရခြင်းပင်ဖြစ်၏။

## ဂါဦးကို ချီးမွမ်းခြင်း

၅။ ငါ၏ချစ်ဆွေ၊ သင်သည် မသိကျွမ်းသောခရစ်ယာန်
ညီအစ်ကိုများကိုပင်လျှင် သင်ပြုရမည့်ဝတ်ကိုသစ္စာ
၆။ နှင့်ဆောင်ရွက်ပေသည်။ထိုသူတို့သည် ဤအသင်း
တော်ရှေ့၌ သင်၏မေတ္တာအကြောင်းကို သက်သေ
ခံကြလေပြီ။ သူတို့သည် ရှေ့သို့ခရီးဆက်နိုင်ကြစေ
ရန်သူတို့အားဘုရားသခင်၊ နှစ်သက်တော်မူသည့်
၇။ အတိုင်းကူညီမစပါလော့။သူတို့သည်မယုံကြည်သော
သူများထံမှအကူအညီကိုမရယူဘဲ၊ ခရစ်တော်၏အမှု
တော်ကိုထမ်းဆောင်ရန် ခရီးထွက်ကြသူများဖြစ်ပေ
၈။ သည်။ သို့ဖြစ်၍ ငါတို့ခရစ်ယာန်တို့သည် ထိုသူ
တို့၏သမ္မာတရား ပြန့်ပွားရေးလုပ်ငန်းတွင် ထိုသူ
တို့၏ လုပ်ဖော်ကိုင်ဖက်များဖြစ်နိုင်ရန် သူတို့အား
ကူညီမစရမည်။

## ဒေအိုတြေဖက်နှင့် ဒေမေတြိဦး

၉။ ငါသည် အသင်းတော်သို့ စာရေးသားပေးပို့သော်
လည်း အသင်းတော်၏ခေါင်းဆောင်ဖြစ်လိုသူ**ဒေအို**
၁၀။**တြေဖက်**က ငါ့စကားကို ဂရုမစိုက်။ သို့ဖြစ်၍
ငါလာသောအခါမှ သူပြုသမျှသောအမှုတို့ကို ထုတ်
ဖော်ပြောဆိုမည်။ သူသည် ငါတို့အားမလိုမုန်းထား
စွပ်စွဲပြောဆို၏။ဤမျှနှင့်မကျေနပ်သေးဘဲ၊ သူကိုယ်
တိုင်ပင်လျှင် ခရစ်ယာန်ညီအစ်များကို လက်မခံ၊
လက်ခံလိုသူများအားလည်းတားမြစ်လျက် အသင်း
၁၁။တော်မှနှင်ထုတ်ရန် ကြိုးစား၏။ ငါ့၏ချစ်ဆွေစံန
မူနာကောင်းကို အတုယူလော့၊ စံနမူနာဆိုးကို
အတုမယူလေနှင့်။ အကျင့်ကောင်းကို ပြုကျင့်သော
သူသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ အကျင့်ဆိုး
ကိုပြုကျင့်သူကား ဘုရားသခင်ကို မသိမြင်သေးသူ
၁၂။ဖြစ်၏။ **ဒေမေတြိဦး**ကို လူတိုင်းချီးမွမ်းပြောဆိုကြ
၏။ သမ္မာတရားတော်ကပင် သူ့ဘက်၌သက်သေ
ခံ၏။ ငါတို့သည် ထပ်လောင်း၍ ထောက်ခံ၏။
ငါတို့၏ထောက်ခံချက်သည် ခိုင်လုံကြောင်းသင်သိ
၏။

## နောက်ဆုံးနှုတ်ဆက်စကားများ

၁၃။သင်တို့အား ငါပြောစရာ အကြောင်းများစွာရှိသော်
လည်း မှင်နှင့်မှင်တံဖြင့် ရေးခြင်းငှာ ငါအလိုမရှိ။
၁၄။ငါသည် သင်ထံသို့ မကြာမီရောက်၍ သင်နှင့်မျက်
နှာစုံညီတွေ့ဆုံပြောဆိုနိုင်လိမ့်မည်ဟု မျှော်လင့်၏။
၁၅။သင်၌ငြိမ်သက်ခြင်း ရှိပါစေသော၊ သင်၏မိတ်ဆွေ
များက သင့်အားနှုတ်ဆက်ကြပါ၏။ ငါတို့၏မိတ်
ဆွေတစ်ဦးစီအားလည်း နှုတ်ဆက်ပေးပါလော့။